# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရေကြောင်းညွှန်ကြားချက်အမှတ် ၁၃/၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အင်္ဂလန်ကျား (ကျားဖောင်)နှင့် ကျားဖောင်ဆွဲရေယာဉ်များတွင် အလိုအလျောက်ခွဲခြားသိရှိနိုင်သည့်စနစ် (Automatic Identification System-AIS) များနှင့် အချက်ပြမီးတပ်ဆင်ခြင်းဆိုင်ရာ ရေကြောင်းညွှန်ကြားချက်အမှတ် (၆/၂၀၂၃) ကို ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင်လည်းကောင်း၊ ၎င်းညွှန်ကြားချက်အမှတ် (၆/၂၀၂၃) ၏ အပိုဒ် ၁၀ အား အစားထိုးပြင်ဆင်သော ရေကြောင်းညွှန်ကြားချက်အမှတ် (၆/၂၀၂၄)၊ (၂/၂၀၂၅)၊(၁၀/၂၀၂၅) နှင့် (၁/၂၀၂၆) တို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ရေယာဉ်များအား အလိုအလျောက်ခွဲခြားသိရှိနိုင်သည့် (Automatic Identification System-AIS) ကိရိယာများကို ပြည်ပမှ မှာယူတင်သွင်းရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေကြောင်းညွှန်ကြားချက်အမှတ် (၆/၂၀၂၃) ၏ အပိုဒ် ၁၀ အား အောက်ပါအတိုင်း ထပ်မံအစားထိုးပြင်ဆင်လိုက်သည်-

အပိုဒ် ၁၀။ အင်္ဂလန်ကျား(ကျားဖောင်) နှင့် ကျားဖောင်ဆွဲရေယာဉ်များတွင် အချက်ပြမီး တပ်ဆင်ခြင်းကို ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ လည်းကောင်း၊ AIS စနစ်တပ်ဆင်ခြင်းကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍လည်းကောင်း တပ်ဆင်ပြီးဖြစ်ရမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်- ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)

**ဖြန့်ဝေခြင်း**

ငါးလုပ်ငန်းဦးစီးဌာန

သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်)၊ } နယ်ရုံးခွဲများသို့ ဆက်လက်ဖြန့်ဝေပေးပါရန်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံပင်လယ်ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များအသင်း

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း

**မိတ္တူကို**

- ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊
- ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၊
- မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊
- ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
- မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊
- မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း၊
- ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်ရုံး၊
- ရုံးလက်ခံ/ မျှော။